# မာတိကာ


| ခေါင်းစဉ် | စာမျက်နှာ |
|---|---|
| မာတိကာ | ၁ |
| စကားချီး | ၃ |
| ထိန်ကန်ကြီးကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မြစ်သားမြို့နယ် ၅ | |
| **အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** | ၆ |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၆ |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် | ၆ |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၈ |
| (၂) တည်နေရာနှင့် ပထဝီအနေအထား | ၈ |
| (၃) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၈ |
| (၄) ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၉ |
| (က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၉ |
| (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၉ |
| (ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ** | **၁၀** |
| (**ဃ**) **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု** | **၁၁** |
| (**င**) **ပညာရေး** | **၁၁** |
| (**စ**) **ကျန်းမာရေး** | **၁၂** |
| (**ဆ**) **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၁၂** |
| (**ဇ**) ကျား – မ ရေးရာ | ၁၂ |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုမျာ | ၁၃ |
| (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ | ၁၃ |
| (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၄ |
| (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ | ၁၄ |
| (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် | |

စိုက်ပျိုးရေ ရရှိသော်လည်း ယာမြေများ အနည်းငယ်သာ ရှိသောကြောင့် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းကောင်းများ နည်းပါးပါသည်။ သို့သော် စိုက်ပျိုးရေ ပုံမှန်ရရှိနေခြင်းကြောင့် တစ်နှစ်သုံးသီးစားအထိ စိုက်ပျိုးနိုင်ခြင်းသည် ကျေးရွာအတွက် အခွင့်အလမ်း တစ်ခု ဖြစ်ပါ သည်။

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ ခိုင်းနွား၊ နို့စားနွား ၊ ဆိတ်၊ သိုးနှင့် ဝက် မွေးမြူကြပြီး အခြားမွေးမြူမှုများ မရှိကြပါ။ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ကိုင်မှု နည်းသည်ကိုတွေ့ရပါသည်။ ကျေးရွာတွင် အိမ်ဆိုင် (၁၂)ဆိုင်၊စက်ချုပ်သူ (၅)ဦး၊ ပန်းရံ/ လက်သမား လုပ်ကိုင်သူ (၂၀)ဦးနှင့် ယာဉ်စက်ကိရိယာမောင်းနှင်လုပ်ကိုင်သူ (၃) ဦးခန့်ရှိပါသည်။ဆိုင်ကယ်ပြုပြင်ရေးဆိုင်များဆိုင်များကျေးရွာတွင်မရှိသေးပါ။

(အိမ်ထောင်စုဇယား အချက်အလက် များ ရရှိလျှင် ကိန်းဂဏန်းအချက်အလက်နှင့်တကွ ပိုမိုပြည့်စုံအောင် ရေးနိုင်ပါမည်။ )

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာရှိ အိမ်ထောင်စုများသည် အများအားဖြင့် အဝီစိတွင်း (တုံကင်) တူးဖော်ထားရှိပြီး သောက်သုံးရေအတွက် အသုံးပြုကြပါသည်။ ကျေးရွာအတွက် သောက်သုံးရေသည် ယနေ့အချိန် အထိ အခက်အခဲ မရှိသော်လည်း ရေအရည်အသွေး စမ်းသပ်စစ်ဆေး ထားခြင်း မရှိသေးပါ ။

ကျေးရွာတွင် အလယ်တန်း(ခွဲ)ကျောင်း ရှိပါသည်။ ကျေးရွာတွင် စာသင်ကျောင်းဆောင် (၄) ဆောင်ရှိပြီး ကျောင်းဆောင်သည် နံကပ် (၁) ထပ် ဆောင်များဖြစ်ပြီး ကျောင်းအိမ်သာ (၂)ခန်းတွဲ(၂)လုံးနှင့် ကျောင်းသားများအတွက် ယင်လုံအိမ်သာ (၅)လုံး ရှိပါသည်။ ကျောင်းဆရာ (၄)ဦးနှင့် ကျောင်းဆရာမ (၁၀)ဦး ရှိသည့်အတွက် ကျောင်းဆရာ/ ဆရာမ အင်အား လုံလောက်မှု ရှိပါသည်။ ကျောင်းသုံး ပရိဘောဂများ လုံလောက်မှု မရှိပါ။ ကျေးရွာကျောင်းသား/ သူများသည် အလယ်တန်းနှင့် အထက်တန်းပညာများကို သပြေတောင်း(အ.ထ.က)ကျောင်းနှင့် ကူမဲ (အ.ထ.က) ကျောင်းများသို့ တက်ရောက်ကြရသည့်အတွက် လက်လှမ်းမီစွာ သင်ကြား နေရ သည်ကို တွေ့ရှိရပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကျေးရွာအတွင်းတွင် ကျန်းမာရေးဆေးပေးခန်း တည်ရှိသည့်အတွက် တာဝန်ကျဆရာမမှ ကာကွယ်ဆိုးများ ပုံမှန် ထိုးနှံပေးပါသည်။ မွေးလူများနှင့် အရေးပေါ်လူများရှိလျှင် ကူမဲတိုက်နယ်ဆေးရုံ၊ ကျောက်ဆည် နှင့် မန္တလေးပြည်သူ့ ဆေးရုံများသို့ သွားရောက်ကုသ ကြပါသည်။

ဇယား (၄၅) ထိန်ကန်ကြီးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| ပြဿနာ | ဖြစ်ပွားရသည့် အကြောင်းအရင်း | အလားအလာ | အဟန့်အတား | ဖြေရှင်းနိုင်သည့် နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| **၁။ အခြေခံ အဆောက်အဦ** မိုးရာသီအခါ သွားလာရ ခက်ခဲခြင်း | •ကျေးရွာတွင်း လမ်း မကောင်းခြင်း •မြေသားလမ်းဖြ စ်နေ ခြင်း | • ကျေးလက် လမ်း ဦးစီးဌာနရှိခြ င်း | •ငွေကြေးခက်ခဲ ခြင်း •ဆင်းရဲခြင်း | •ကျေးလက်လမ်း ဦးစီးဌာနနှင့် ချိတ်ဆက်ရန် •ကျေးရွာတွင်းလ မ်း ကွန်ကရစ်ခင်းရန် | •ကျေးလက် လမ်းဦးစီးဌာ နနှင့် ချိတ်ဆက်ခြ င်း •ကျေးရွာတွ င်းလမ်း ကွန်ကရစ်ခ င်းခြင်း |
| **၂။ လျှပ်စစ်** ကျေးရွာသည် လျှပ်စစ်မီး မလင်း နိုင်ခြင်း | •ဆင်းရဲသော လက်လုပ် လက်စား အိမ်ထောင်စု များပြားခြင်း ကြောင့် ငွေကြေး မပြည့်စုံခြင်း •အခြားကျေးရွာ များနှင့် | • လျှပ်စစ်ဦးစီး ဌာန ရှိခြင်း | •ငွေကြေးခက်ခဲ ခြင်း •ဆင်းရဲခြင်း | •လျှပ်စစ်ဦးစီးဌာန နှင့် ချိတ်ဆက်ရန် •လျှပ်စစ်မီးသွယ် တန်းရန် | •လျှပ်စစ်ဦးစီး ဌာနနှင့် ချိတ်ဆက်ခြ င်း •လျှပ်စစ်မီးသွ ယ်တန်းခြင်း |

